# ဂန့်အိတ်ကျေးရွာ

# လပွတ္တာမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဂန့်အိတ်ကျေးရွာ၊ လပွတ္တာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဧပြီ လ

## မာတိကာ


**မာတိကာ**

**စကားချီး**

**ဂန့်အိတ်ကျေးရွာ သယံဇာတပြမြေပုံ**

**ဂန်အိတ်ကျေးရွာ ရာသီခွင်ပြမြေပုံ**

**ဂန့်အိတ်ကျေးရွာ (Venn Diagram) အဖွဲ့အစည်းပြမြေပုံ**

**အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ**

**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

**၆။ ပညာရေး**

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ**

စီမံချက် အဆိုပြုလွှာ (၁)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဧပြီလ ၊ ၂၀၁၉**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ဂန့်အိတ်ကျေးရွာ**
**လပွတ္တာမြို့နယ်**

# ဂန့်အိတ်ကျေးရွာ သယံဇာတပြမြေပုံ၊ လပွတ္တာမြို့နယ်



# ဂန့်အိတ်ကျေးရွာ ရာသီခွင်ပြမြေပုံ



ဂန့်အိတ်ကျေးရွာ၏ အဖွဲ့အစည်းပြမြေပုံ (Venn Diagram)



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဂန့်အိတ်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် ဂန့်အိတ်ကျေးရွာအုပ်စုတွင်တည်ရှိသည်။ ဂန့်အိတ်ကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားဖြစ်ပြီး စုစုပေါင်းလမ်းအရှည်(၁၈၀၀)ပေရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဆားကျင်းကျေးရွာရှိပြီး ယင်းကြားတွင် လယ်မြေများရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ရင်ဒီးလေးကျေးရွာနှင့် ဆက်သွယ်ထားသော ရွာချင်းဆက်လမ်းရှိပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် သက္ကယ်သောင်မြစ်ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ကျေးရွာအဝင်လမ်းရှိပြီး သရက်ကုန်းကျေးရွာနှင့် ဆက်သွယ်ထားသော (၁)မိုင်ဝေးသော ရွာချင်းဆက်လမ်းရှိပါသည်။ ကျေးရွာသည် ၎င်းလမ်းအားအဓိကအသုံးပြုနေသောကြောင့် ရာသီမရွေးသွားလာနိုင်ရန်အတွက် အဆိုပါလမ်းအား အဆင့်မြှင့်လမ်းအဖြင့် ပြုပြင်မြှင့်တင်ပေးခြင်း(သို့) ကွန်ကရစ်လမ်းခင်းပေးမည်ဆိုပါက ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂·C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ရေကြီးသောကြောင့် ကျေးရွာရှိတောင်သူလယ်သမား တစ်ချို့မှာ သီးနှံစိုက်ခင်းများ ပျက်စီးလေ့ ရှိပါသည်။ လယ်ယာမြေများမှ မြေဆီဩဇာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ဧကပေါင်း(၁၄၂၁)ရှိပြီး တစ်ချို့သောတောင်သူများမှာ တစ်ပိုင်တစ်နိုင် ရာသီပေါ်သီးနှံများလုပ်ကိုင်ကြပြီး ဥယျာဉ် ခြံမြေများ ပိုင်ဆိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာတွင်အုပ်ချုပ်ရေးအဖွဲ့မှာ (ကျား ၁၈ ဦး + မ ၅ဦး)နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ကျား ၆ ဦး + မ ၃ဦး)သည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်းအကျိုးဆောင်အဖွဲ့ (ကျား ၁၀ ဦး + မ ၅ ဦး)သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက်ရှိပါသည်။ ဂေါပကအဖွဲ့ (ကျား-၁၀ဦး)အဖွဲ့သည် ကျေးရွာ၏ သာရေး၊နာရေးလုပ်ငန်းများ လုပ်ဆောင်

နေကြပါသည်။ ကျန်းမာရေးအဖွဲ့ (မ- ၁၀ဦး)နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့မှာ (မ-၉ဦး)ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ ကျန်းမာရေးကိစ္စများကို ဆောင်ရွက်ပေးပါသည်။ ပြည်သူ့စစ်အဖွဲ့(ကျား-၃၀ ဦး)နှင့် အရန်မီးသတ်တပ်ဖွဲ့(ကျား-၂၅ဦး) တို့မှာ လုံခြုံရေးနှင့်ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။

ကျေးရွာတွင်အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေး၊နာရေး လုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်ဆောင်ရွက်ကြသော လူငယ်အဖွဲ့ ဘာသာရေးဆိုင်ရာအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအကော်မတီတို့မှာ ဆောင်ရွက်မှုအားကောင်းကြောင်းတွေ့ရှိရပါသည်။ ပညာရေးဆိုင်ရာကိစ္စရပ် များနှင့်ပတ်သက်၍ ကျောင်းကော်မတီအဖွဲ့ကိုလည်း ဖွဲ့စည်းထားပါသည်။ ကျေးရွာတွင် သာရေး၊နာရေး၊ လူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ ဂန့်အိတ်ကျေးရွာ၏ ပြင်ပအဖွဲ့အစည်းအနေဖြင့် UNDP ၊ Save The Childrenနှင့် ဖူလ်တန်မြန်မာ အဖွဲ့အစည်းများရှိပါသည်။ ၎င်းပြင်ပအဖွဲ့အစည်းများမှ စိုက်ပျိုးရေးချေးငွေ၊ ပညာရေးချေးငွေ၊ ကျန်းမာရေးချေးငွေနှင့် စက်မှုလုပ်ငန်းချေးငွေနှင့် ဆောက်လုပ်ရေး လုပ်ငန်းစသည့် ခေါင်းစဉ်များဖြင့် ချေးယူသုံးစွဲကြပါသည်။ ထိုအဖွဲ့အစည်းများကြောင့် ချေးငွေနှင့် ပတ်သတ်သည့်များမှာ ကျေးရွာလူထုအတွက် အသင့်အတင့်အဆင်ပြေကြောင်း တွေ့ရှိရပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဂန့်အိတ်ကျေးရွာတွင် (၅)ကေမှ (၁၂.၅)ကေကြား တောင်သူလတ် (၂၀) အိမ်ထောင်စု၊ ၁၂.၅ ကေအထက် တောင်သူကြီး (၄၀) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့်ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ ဂန့်အိတ်ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ရေးလုပ်ငန်း ဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုး လယ်ကေ ပိုင်ဆိုင်မှုမှာ (၁၄၂၁)ကေ၊ ဥယျာဉ်ခြံမြေ(၃၄)ကေနှင့် ဓနိတောမြေမှာ(၅)ကေ ရှိပါသည်။

ဂန့်အိတ်ကျေးရွာသည် စိုက်ပျိုးမြေပိုင်ဆိုင်မှုအိမ်ထောင်စုမှာ( ၂၆.၁%) သာရှိပြီး မြေကေပိုင်ဆိုင်မှုမှာ အနည်းဆုံး(၂.၅)ကေမှ အများဆုံးမှာ ကေ(၁၅၀)ထိ ပိုင်ဆိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စု(၇၃.၉၁%)ခန့်ရှိပြီး ၎င်းတို့မှာ နေ့စားကျပန်း၊ ရေလုပ်ငန်း၊

အရောင်းအဝယ်နှင့် ပြည်တွင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ ကျေးရွာ၏ စပါးစိုက်ဧက(၁၄၂၁)ဧက အားလုံးအတွက် ရေအရင်းအမြစ်ကို ဆည်မြောင်းဦးစီး ဌာနမှ တည်ဆောက်ပေးထားသော ပတ်တာအတွင်း မိုးရေခံ၍ ရေလွှဲဆည်မှ အလျှော့အတင်း ပြုလုပ်၍ သုံးစွဲပါသည်။ ၎င်းပတ်တာအတွင်းရှိ ရေအရင်းအမြစ်များသည် မိုးရာသီ ကုန်ဆုံးချိန်မှာ အငန်ဓါတ်ဝင်၍ နွေစပါးစိုက်ပျိုး မရရှိဘဲ မိုးစပါးတစ်မျိုးသာလျှင် စိုက်ပျိုးရပါသည်။

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတုပေါ် မူတည်ပြီး ထွက်ရှိပါသည်။ စပါးတစ်မျိုးထဲကို စိုက်ပျိုးပြီး တစ်ဧက ပျှမ်းမျှထွက်နှုန်းမှာ တင်း(၄၀)ခန့်သာ ထွက်ရှိပါသည်။ စိုက်ပျိုးရေ အခက်အခဲ ကြောင့် နွေစပါး၊ ဆောင်းစပါး မစိုက်ပျိုးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေး ကရိယာပိုင်ဆိုင်မှု အခြေအနေမှာ ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၄၈)စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၃)စီး၊ ခြွေလှေ့စက်(၁၅)စီး၊ ရေစုပ်စက်(၁၅)စီးနှင့် မြက်ရိတ်စက် (၁၅)စီး စသည်များ အသီးသီး ရှိကြသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးသုံး စက်ပစ္စည်းများ ကို ပိုင်ဆိုင်မှုမရှိသော အချို့လယ်သမားများသည်လည်း လိုအပ်သော စိုက်ပျိုးရေးသုံး စက်ပစ္စည်းများကို ငှာရမ်းအသုံးပြု လုပ်ကိုင်ကြပါသည်။

ရေလုပ်ငန်းလုပ်ကိုင်သူများ၏ ပိုင်ဆိုင်မှုအခြေအနေမှာ လှေ(၁၃)စင်း၊ စက်လှေ (၄၂)စင်း အိမ်ထောင်စု အသီးသီးမှ ပိုင်ဆိုင်ကြပြီး အသက်မွေးဝမ်းကျောင်းအား အထောက် အကူပစ္စည်းများဖြစ်ပါသည်။ ကျေးရွာရှိအမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်း အနေဖြင့် တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဘဲများ မွေးမြူ ကြပါသည်။ တစ်ချို့သော အမျိုးသမီးများသည် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသော လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်း အချို့ လုပ်သူများလည်း ရှိကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများနှင့် ပြည်ပသို့ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်နေသူများလည်း ရှိကြပါ သည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၄) အိမ်ရှိပြီး နွားကောင်းရေ (၇) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၂) စုမှ (၆) ကောင်၊ အိမ်ထောင်စု (၇) အိမ်မှ ဆိတ် (၄၈) ကောင်၊ အိမ်ထောင်စု (၄၄) အိမ်မှ ဝက် (၇၉) ကောင်၊ အိမ်ထောင်စု (၇၀) အိမ်မှ

ကြက် (၄၀၀) ကောင်၊ အိမ်ထောင်စု (၃၃) အိမ်မှ ဘဲ (၁၅၁)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းကို စီးပွားဖြစ်အဓိကလုပ်ကိုင်သူများ အနည်းငယ်သာရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများနှင့် ချောင်းမြောင်းများတွင် ငါးဖမ်းသူများ ရှိကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာသည် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များနှင့် အရောင်းအဝယ်လုပ်ငန်းစသည့် လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြပြီး၊ လက်သမား၊ ပန်ရံလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေ ဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦး ရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ် သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်းဖြင့်ငွေ ထုတ်ချေးပါသည်။ ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့အစည်းအနေဖြင့် UNDP အဖွဲ့အစည်းနှင့် ဖူလ်တန်မြန်မာအဖွဲ့အစည်းများမှ ကျေးရွာသူ/ သားများအား ငွေထုတ်ချေးပေးနေပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူပြီးကျေးရွာတွင် ချေးငွေလိုပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်း ရဲအိမ်ထောင်စုများသည် အခြား ပုဂ္ဂလိကများမှ ငွေ(၁၀၀)ကျပ်အပေါ်လျှင် အတိုးနှုန်း (၃ကျပ်မှ ၁၀ကျပ်အထိ )တိုး ယူကြရ ကြောင်း တွေ့ရပါသည်။

အစိုးရ၏ လုံလောက်သောချေးငွေကို အချိန်မီမရရှိခြင်း ကာလတိုချေးငွေဖြစ်နေခြင်းတို့ကြောင့် ပုဂ္ဂလိကငွေချေးများ၏ အတိုးကြီးချေးငွေများကို လယ်သမားစုမှာ မှီခိုချေးယူနေရပါသည်။ အတိုးနှုန်းထားများမှာ တစ်ဦးနှင့်တစ်ဦး အတူညီသော်လည်း အနည်းဆုံးတစ်နှစ်လျှင် ၃၆% တိုးမှ အများဆုံးတစ်နှစ်လျှင် ၆၀% တိုးထိ ချေးယူသုံးစွဲကြပါသည်။ အစိုးရဘဏ်ချေးငွေ၊ အတိုးကြီး ပုဂ္ဂလိကချေးငွေများ အားလုံးသည် ကာလတိုချေးငွေ များဖြစ်သည့်အတွက် စပါးဈေးမြင့်သော မေလ၊ ဇွန်လနှင့် ဇူလိုင်လထိအောင် သိုလှောင်မထားနိုင်ဘဲ စပါးဈေး အနိမ့်ဆုံးနှင့် အမြင့်ဆုံးကွာခြားချက်များမှာ စပါးတင်း (၁၀၀)လျှင် (၃)သိန်းကျပ်မှ (၄)သိန်းကျပ်ထိ ပုံမှန်ကွာခြားပါသည်။

### ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ဆိပ်ခံတံတားမှာ ကွန်ကရစ်တံတားဖြစ်ပြီး၊ ရွာတွင်းကွန်ကရစ်တံတား၊ ရေပြွန်ကွန်ကရစ်တံတားများမှာ ကျေးရွာအလှူရှင်မှ လှူထားပြီး အရည်အသွေးအားဖြင့် သင့်တင့်ရှိပြီး သက်တမ်းကာလမှ ၂နှစ်မှ ၅နှစ်အတွင်း ရှိပါသည်။ ကျေးရွာသည် သက္ကသောင်မြစ်ဘေးတွင် ရှိသောကြောင့် မြစ်ကြောင်းအသုံး ပြုခြင်းအားဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအဖြစ် စက်လှေများ၊ သင်္ဘောများဖြင့် နီးစပ်ရာမြို့ကြီးများသို့ တင်ပို့ခြင်းတွင် တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။

သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်း၊ ကုန်းလမ်း (၂)မျိုးစလုံး အသုံးပြု၍ ရပါသည်။ ကျေးရွာသယ်ပို့ဆောင်ရေးအတွက် ယာဉ်အသုံးချမှုမှာ လှေ၊သမ္ဗာန် (၁၉)စင်း၊ စက်လှေ (၃၈)စင်း၊ စက်ဘီး(၇၈)စီး၊ မော်တော်ဆိုင်ကယ်(၆၁)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီး၊ ထော်လာဂျီ(၇)စီး ၊ ကား(၂)စီး ရှိပါသည်။ ဆိပ်ခံတံတား(အလျား၁၀၀ပေ၊ အနံ၆ပေ၊ အမြင့်၁၂ပေ)၊ ရွာတွင်းချောင်းကူးတံတား (အလျား၂၂ပေ၊ အနံ၈.၅ပေ၊ အမြင့်၆ပေ)နှင့် ရေပြွန် (အလျား၁၄ပေ၊ အနံ၄ပေ၊ အမြင့် ၃.၅ပေ) ရှိသော တံတား(၃)စင်းနှင့် သောက်သုံးရေအနေဖြင့် မြေသားရေကန်ကိုသာ အဓိကထားပြီးအသုံးပြု သုံးစွဲနေကြပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်ရန် တိရစ္ဆာန်အစာ၊ မြေနေရာသားပေါက်ရရှိမှု ရောင်းချရန်ဈေးကွက်နှင့် အခြားဝန်ဆောင်မှုများ ရရှိနိုင်မှု အခြေအနေမှာ အသင့်အတင့်ကောင်းမွန်လွယ်ကူသည့်အနေအထားတွင်ရှိသော်လည်း ကုန်ကျစရိတ်နှင့် အသားဈေးမှာ စီးပွားရေးအရ တွက်ချက်ကိုက်ညီမှု မရှိသောကြောင့် တစ်နိုင်တစ်ပိုင်မွေးမြူရေး အဆင့်သာရှိပါသည်။

သင်္ကယ်သောင်မြစ် ကမ်းနားဘေးတွင် ကပ်လျှပ်တည်ရှိပြီး လပွတ္တာမြို့တို့နှင့် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း သင်္ကယ်သောင်၊ ပုသိမ်၊ သဃ်န်းကုန်း၊ လပွတ္တာခရီးသည် တင်သင်္ဘောများ ပုံမှန်ဝင်ထွက်ဆိုက်ကပ်ခြင်းကျေးရွာအတွင်းသို့ မော်တော်ကားများ အလွယ်တကူဝင်ထွက်သွားလာနိုင်သည့် ကျေးရွာတွင်းလမ်းများရှိခြင်းစသည့် အခြေအနေ ကောင်းများနှင့် ပြည့်စုံပြီး လပွတ္တာမြို့သို့ ခရီးသည်နှင့် ကုန်စည်တင်ဆောင်သည့် လိုင်းကာ နှစ်စီးရှိပါသည်။ ကုန်းလမ်းဆက်သွယ်ရေးအတွက် မြို့ပြနှင့် ကျောက်ချောလမ်း ဆက်သွယ် ဖောက်လုပ်ထားသော်လည်း ၎င်းလမ်းများမှာ အပေါက်အပြဲများ ထူပြောလှသောကြောင့် လုံခြုံစိတ်ချရသည့် အနေအထားမရှိပါ။ အထူးသဖြင့် မိုးရာသီများတွင် သွားရေး၊ လာရေး အလွန်အန္တရာယ်များလှပါသည်။ ကျေးရွာတွင်းလမ်းများမှာလည်း မြေသားလမ်းများဖြစ်ပြီး မိုးတွင်းရေတက်ချိန်တွင် လမ်းများရေများနစ်မြုပ်ခါ သွားလာရေးခက်ခဲမှုများရှိပါသည်။ ထိုကဲ့သို့ အခက်အခဲများရှိနေပါသော်လည်း ကျေးရွာ၏ အနေအထားအရ ၎င်းအခက်အခဲ များကို ကျော်ဖြတ်ရန် အခြေအနေကောင်းများလည်းရှိနေပါသည်။ ရွာ၏တည်နေရာမှာ မြစ်ကမ်းဘေးတွင်ရှိပြီး ကွန်ကရစ်ဆိပ်ခံတံတားကောင်းမွန်ခိုင်ခန့်စွာတည်ရှိခြင်း၊ သဲနှင့် လမ်းခင်းကျောက်များကို သယ်ယူစရိတ်သက်သာစွာဖြင့် ရေလမ်းကြောင်းမှ သယ်ယူနိုင် ခြင်း စသည့်အခြေအနေကောင်းများကို ကျေးရွာလူထုနှင့် သက်ဆိုင်ရာဌာနများမှ ပူးပေါင်း၍ ကောင်းစွာအသုံးချမည်ဆိုပါက ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး မြန်ဆန်စွာ ကောင်းမွန်ချောမွေ့သွားပါမည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာသည် မဟာဓါတ်အားလိုင်း မရရှိသေးသောကြောင့် အိမ်ထောင်စုအများစုမှာ ဆိုလာမီးနှင့်ပုဂ္ဂလိက အင်ဂျင်မီးတို့ကိုသာ အားလုံးနီးပါး အသုံးပြုပြကြပါသည်။ ပုဂ္ဂလိက မီးစက်မှာ တစ်ညလျှင် ညနေ(၆) နာရီမှ ည(၁၀)နာရီထိသာရပါသည်။ ထို့ကြောင့် တီဗွီကြည့် ခြင်း၊ မီးထွန်းခြင်းလောက်သာ အသုံးပြုနိုင်ပြီး အခြားစက်မှုလုပ်ငန်းများကို ကိုယ်ပိုင်မီးစက် များဖြင့် အသုံးပြုရပြီး ချက်ပြုတ်ရေးလုပ်ငန်းများကို ထင်းမီးနှင့်မီးသွေးစသည့် လောင်စာ များကိုအသုံးပြုရပါသည်။ သို့အတွက်ကြောင့် မီးဘေးအန္တရာယ် စိုးရိမ်းဖွယ်ရာရှိနေပါ သည်။ကျေးရွာတွင် ရွာလုံးကျွတ်လျှပ်စစ်မီးရရှိလျှင် ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများအတွက် အဆင်ပြေမည်ဖြစ်ပြီး ကျေးရွာ၏လူနေမှုအဆင့် အတန်းမြင့်မားလာပါမည်ဖြစ်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဂန့်အိတ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၅၃) လုံး၊ ရေဒီယို (၄၄) လုံး၊ တီဗွီ (၁၁၄) လုံး၊ ဂြိုလ်တုစလောင်း (၁၉)လုံးစသည် တို့ရှိသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များဆိုင်ရာ နည်းပညာရရှိနိုင် သောပစ္စည်းများအတွက် အသင့်အတင့်ကောင်းမွန်ပါသည်။

## ၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ကျောင်းသား/သူ မူလတန်းအဆင့်တွင် (၁၀၀)ဦးနှင့် အလယ် တန်းအဆင့်တွင် (၅၃)ဦးရှိပြီး အထက်တန်း အဆင့်(၃၂)ဦးနှင့် တက္ကသိုလ်(၃၉)ဦးနှင့် စုစုပေါင်း(၂၂၄)ဦး ရှိပါသည်။ ကျေးရွာ၏အနီးဝန်း ကျင်မှ ကျောင်းမရှိသော ကျေးရွာများမှ လာရောက်တက် ရောက်ကြသော ကျောင်းသားဦး ရေမှာ (၅၀%) တက်ရောက် ကြပါသည်။ တက္ကသိုလ်/ကောလိပ်ပညာရေးအား ပုသိမ်မြို့သို့ သွားရောက် တက်ရပါသည်။ ကျေးရွာထဲရှိ ပညာသင်ယူနေသော ကျောင်းသား/သူများမှာ ကျေးရွာတွင်း အထက်တန်း(စာစစ်ဌာန)ကျောင်းရှိ၍ အလွန်အဆင်သော်လည်း လာရောက် တက်ရသော အခြားကျေးရွာမှ ကျောင်း/သူများ ကျေးရွာအဝင် ဆက်သွယ်ရေးလမ်းအားဖြင့် ကျောင်းသား/သူများ အခက်အခဲများစွာ တွေ့ရပါသည်။ ကျေးရွာကျောင်းတွင် မသန်းစွမ်း သူများအတွက် ပညာသင်ကြားရေး အထူးအစီအစဉ်မရှိခြင်း၊ ကျောင်းသုံး စာအုပ်နှင့် စာရေးကိရိယာ သုံးစွဲနိုင်မှု ပြည့်စုံမှုမရှိခြင်းမှလွဲ၍ အခြားအခက်အခဲနှင့် ပြဿနာများ မရှိကြောင်း တွေ့ရှိရပါသည်

ဂန့်အိတ်ကျေးရွာ၏ ကျောင်းတက်မှုနှုန်းမှာ မူလတန်းအဆင့်မှ အထက်တန်း အဆင့်ထိ ကျေးရွာတွင်း ကျောင်းရှိသောကြောင့် ကျောင်းနေအရွယ်ကလေးများ၏ ကျောင်းတက်မှုနှုန်းမှာ တိုးတက်ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဂန့်အိတ် ကျေးရွာသည် ပညာရေးနှင့် စာတတ်မြောက်မှုအခြေအနေမှာ တစ်ရွာလုံး အတိုင်းအတာနှင့် သုံးသပ်ပါက အထက်တန်းကျောင်းစာစစ်ဌာနရှိခြင်း ပညာရေး ဝန်ထမ်းများ ပြည့်စုံစွာ ရှိခြင်း ရပ်မိရပ်ဖများ၊ အဖွဲ့အစည်းများနှင့် ကျောင်းသာမိဘများ၏ ပညာရေးအားပေးအား မြောက်မှုရှိခြင်းတို့ကြောင့် ကျေးရွာ၏ ပညာရေးအခြေအနေနှင့် တတ်မြောက်မှုမှာ ကောင်းမွန်လာသော အခြေအနေရှိကြောင်း တွေ့ရှိရပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရှိပါသည်။ ကျန်းမာရေးမှူး(၁) ယောက်၊ သားဖွားဆရာမ(၂)ယောက်၊ ကြီးကြပ်-၂ (၁)ယောက် လက်ရှိတွင်စုစုပေါင်း ကျန်းမာရေးဝန်ထမ်း (၄)ယောက်ရှိပါသည်။ ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကျန်းမာရေး ပညာပေးအစီအစဉ် အခန်းများကိုလည်း လအလိုက် ပုံမှန်ဆောင်ရွက်ခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရ၍ ကျေးရွာဆေးပေးခန်းနှင့် ဝန်ထမ်းများ၏ ဝန်ဆောင်မှုမှာ ကောင်းမွန်ကြပါသည်။ သို့ရာတွင် အရေးပေါ်ကိစ္စများ အသုံးပြုရန် ကျေးရွာပိုင် အရေးပေါ်ကား မရှိသည့်အတွက် မြို့နယ်ဆေးရုံများသို့ အရေးပေါ်ပို့ဆောင်ပေးရမည့် လူနာများအတွက် အခက်အခဲများစွာရှိပါသည်။ ကျေးရွာကျေးလက်ကျန်းမာရေးဌာနသည် တစ်ပတ်လျှင် တနင်္လာနေ့မှ သောကြာနေ့ထိ နံနက်(၉၃၀)အချိန်မှ ညနေ(၄၀၀)အချိန်ထိ (၅)ရက်ဖွင့်ပေးပြီး ဆေးခန်းလာပြသော လူနာများကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးပါသည်။ အရေးပေါ်လူနာများအတွက် (၁၄)မိုင်ဝေးသော လပွတ္တာမြို့နယ်သို့ သွားရောက် ကုသရပါသည်။ ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တခါတရံ ရာသီဥတု အပြောင်းအလဲ ကြောင့် ရာသီဖျားနာခြင်းများ ဖြစ်လေ့ရှိပါသည်။ ကျေးရွာအတွင်းရှိ (၂)လမှ (၁၈)လအထိ ကလေးများအား ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှ သားဖွားဆရာမသည် လစဉ်ကာကွယ် ဆေး လာရောက်ထိုးနှံပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးနှင့် ညွှန်ကြား ချက်အတိုင်း အချိန်မှန်ထိုးနှံပေးပါသည်။ တခါတရံ မိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက် ဝမ်းလျှောရောဂါများကို နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းများသို့ သွားရောက်၍ ဆေးကုသမှု ခံယူရပါသည်။ ကျေးရွာရှိကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါ။ အများစုမှာကျန်းမာ သန်စွမ်းကြပါသည်။ ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာမရှိသော ကျေးရွာတစ်ရွာဖြစ်ပါ သည်။

ဂန့်အိတ်ကျေးရွာသည် အိမ်ထောင်စု(၂၁၉)ရှိပြီး သန့်ရှင်းသောအိမ်သာသုံးအိမ် ထောင်စု စုစုပေါင်း(၁၆၁)လုံးရှိပါသည်။ တွင်းမရှိအိမ်သာ(၂၄)လုံးတို့သည် မြစ်ကမ်းဘေး အိမ်များဖြစ်ကြပါသည်။ အိမ်သာမရှိသော အိမ်ထောင်စု(၄၅)စုမှာ မိမိတို့ နှင့်နီးစပ်ရာ အခြားအိမ်ထောင်စုပိုင် ယင်လုံအိမ်သာများကိုလည်း အသုံးပြုကြပါသည်။ ကျေးရွာသည် အိမ်သာနှင့်ပတ်သက်သည့် ကျန်းမာရေးကဏ္ဍများတွင် ဗဟုသုတများ ရှိကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနှစ်မြုပ်မှုများ ဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ တခါတရံ လေပြင်းတိုက်ခတ်မှုများ ရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာ မြေဆီလွှာများ ပျက်စီးရပါသည်။ ကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်သောအလေ့အထမရှိသောကြောင့် သဘာဝပတ်ဝန်းကျင်ညစ်နွမ်းရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများပြုလုပ်ပေးခြင်းကြောင့် ကျေးရွာရှိပြည်သူလူထုသည် အသိပညာဗဟုသုတများ ပြီးပြည့်စုံပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။ လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုများဖြင့် အမှိုက်စီမံခန့်ခွဲမှုစနစ်များအား ကျေးရွာသူ/သားများ၏ စနစ်တကျစွန့်ပစ်တတ်ရန်အတွက် ပညာပေးဟောပြောထားပြီး အမှိုက် ကင်းစင်ကျေးရွာအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် လူဦးရေအားဖြင့် (ကျား-၃၉၅ ဦး၊ မ-၄၂၁ ဦး) ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၂၇၃)ဦး၊ မ (၃၀၄) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၀.၇%) ရှိပါသည်။ ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်နှင့်လပြတ် စသည့် လုပ်သားများ ငှားရမ်းလုပ် ဆောင်ကြပါသည်။ တစ်ရက်လျှင် လုပ်အားခအများဆုံးနှုန်းမှာ ငွေကျပ်(၄၀၀၀ မှ ၇၀၀၀ ထိ ) နေ့စားခ ရရှိ၍ ရေလုပ်ငန်းများမှာ ငွေကျပ်(၁၀၀၀၀ထိ) ရရှိနိုင်သော်လည်း အလုပ်အကိုင်အနည်းငယ်သာရှိ၍ အများစုမှာ အလုပ်လက်မဲ့ ကျပန်း အလုပ်သမားများမှာ ရှာဖွေလုပ်ကိုင်ကြပါသည်။ အမျိုးသမီးအများစု၏ ဝင်ငွေရလုပ်ငန်းမှာ အလွန်းနည်းပါးကြပါသည်။

အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင်

အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။ ပုတ်ပြတ်လုပ်အားများတွင် တန်းတူအခွင့် ရေးရှိပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းပါး၍ ပါဝင်မှုနည်းပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှု နှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိပါ။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျား/မတန်းတူ အခွင့်အရေးရှိပါသည်။

၁၀။ ဂန့်အိတ်ကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
| --- | --- | --- | --- |
| ၁ | အခြေခံအဆောက်အဦ | ရွာတွင်းကွန်ကရစ်လမ်း ရရှိရေးစီမံချက် | ၁ |
| ၂ | လျှပ်စစ် | မဟာဓါတ်အားလိုင်းရရှိရေးစီမံချက် | ၂ |
| ၃ | အခြေခံအဆောက်အဦ | ရွာချင်းဆက်လမ်းကွန်ကရစ်လမ်း ရရှိရေး စီမံချက် | ၃ |
| ၄ | လူငယ်နှင့်အားကစား | ကျေးရွာဘောလုံးကွင်းအဆင့်မြင့်တင်ရေးစီမံချက် | ၄ |
| ၅ | အခြေခံအဆောက်အဦ | မူကြိုကျောင်းဆောင်သစ် ဆောက်လုပ်ရေး စီမံချက် | ၅ |
| ၆ | လူမှုရေး | လူမှုရေးသုံးယာဉ် ရရှိရေးစီမံချက် | ၆ |
| | | | |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

## စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)

| | |
|---|---|
| **ကျေးရွာ** – ဂန့်အိတ်<br>**ကျေးရွာအုပ်စု** – ဂန့်အိတ်<br>**မြို့နယ်** – လပွတ္တာ<br>**တိုင်းဒေသကြီး / ပြည်နယ်** – ဧရာဝတီ | |
| **စီမံချက်အမည်** – အပေါ်ပိုင်း (၁) လမ်း (၁၈၀၀’ × ၁၂’ × ၈”) အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• ယခုလက်ရှိ အပေါ်ပိုင်း (၁) လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးကြီးသည့် အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲစေပါသည်။<br>• ကျောင်းသားကျောင်းသူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား ကျောင်းပြန် အခက်အခဲများ ရှိပါသည်။<br>• ထို့အပြင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။<br>• သံဃာတော်များ ဆွမ်းခံကြွချိန်တွင် လမ်းအခြေအနေ ဆိုးဝါးစွာ ဗွက်များ၊ ချိုင့်များ ဖြစ်ပေါ်နေသောကြောင့် ဆွမ်းခံကြွရာတွင်လည်း အခက်အခဲများ ဖြစ်ပေါ်နေပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊<br>• ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊<br>• ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊<br>• သံဃာတော်များ ဆွမ်းခံကြွရာတွင် သွားလာရ အဆင်ပြေစေရေန်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• လမ်းခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေလွယ်ကူလာမည်။<br>• ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက်နှုန်း နည်းလာပြီး ပညာတတ်မြောက်သူဦးရေ များလာမည်။<br>• ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောကြောင့် မြို့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်နေရာများသို့ အချိန်မီ ပို့ဆောင်နိုင်ပြီး မတော်တဆ သေဆုံးမှု လျော့ကျလာပါလိမ့်မည်။<br>• သံဃာတော်များအတွက်လည်း လမ်းအခြေအနေကောင်းမွန်မှုကြောင့် စိတ်ချမ်းသာစွာဖြင့် ဆွမ်းခံကြွနိုင်မည်။<br>• ထို့အပြင်နွေရာသီမီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါလမ်းကောင်းနေသောကြောင့်အချိန်မီ တားဆီးနိုင်ပါမည်။ | |

| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) | |
|---|---|
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀ (ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ၁၅,၅၀၀,၀၀၀ (ငွေသား) | • ကျေးရွာ |
| • ၄,၅၀၀,၀၀၀ | • လွှတ်တော် |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၉၅ | ၄၂၁ | ၈၁၆ | ၃၇ | ၅၅ | ၇၄ | ၆၄ | ၂၃၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၉၅ | ၄၂၁ | ၈၁၆ | ၃၇ | ၅၅ | ၇၄ | ၆၄ | ၂၃၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ဂန့်အိတ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ရက်

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ဂန့်အိတ်ကျေးရွာ အပေါ်ပိုင်း (၁) လမ်းအား ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့်ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူရွာသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ (၁)

## ဂန့်အိတ်ကျေးရွာ၊ ဂန့်အိတ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကြည်ဝင်း | ဦးကျော်လှ | ၁၄/လပတ(နိုင်)၀၀၅၉၀၉ | ၅၀ | ဥက္ကဋ္ဌ | ၀၉-၈၉၂၂၅၉၀၀၁ |
| ၂ | ဦးရဲခေါင် | ဦးထွန်းလှ | ၁၄/လပတ(နိုင်)၁၁၅၀၃၇ | ၃၉ | အတွင်းရေးမှူး | ၀၉-၇၉၅၃၃၂၁၃၃ |
| ၃ | ဦးဆန်းဦး | ဦးထွန်းခင် | ၁၄/လပတ(နိုင်)၀၅၃၉၃၈ | ၅၁ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၀၄၄၆၂၉၃ |
| ၄ | ဒေါ်ဌေးဌေးနိုင် | ဦးခင်သောင်း | ၁၄/လပတ(နိုင်)၀၀၁၄၇၅ | ၃၈ | စာရင်းကိုင် | ၀၉-၇၇၃၈၈၆၁၀၂ |
| ၅ | ဦးစိန်ထွန်းရီ | ဦးထွန်းစိန် | ၁၄/လပတ(နိုင်)၀၄၃၆၀၃ | ၆၄ | အဖွဲ့ဝင် | ၀၉-၇၇၅၂၅၇၅၂၀ |
| ၆ | ဒေါ်မြင့်မြင့်သိန်း | ဦးသန်းဝင်း | ၁၄/ပစလ(နိုင်)၀၅၇၃၀၅ | ၄၁ | အဖွဲ့ဝင် | ၀၉-၇၆၆၃၃၆၁၀၄ |
| ၇ | ဦးမြင့်ဦး | ဦးလှကြည် | ၁၄/ပစလ(နိုင်)၀၁၃၄၀၉ | ၆၀ | အဖွဲ့ဝင် | ၀၉-၂၅၀၅၉၇၉၂၄ |
| ၈ | ဦးသန်းလွင်ဦး | ဦးကံမြင့် | ၁၄/ပစလ(နိုင်)၀၀၈၉၆၇ | ၄၁ | အဖွဲ့ဝင် | ၀၉-၄၅၁၈၈၀၆၈၃ |
| ၉ | ဦးမိုးမိုးဆန်း | ဦးတင်ဌေ | ၁၄/ပစလ(နိုင်)၀၅၇၂၆၆ | ၃၈ | အဖွဲ့ဝင် | ၀၉-၄၀၁၅၄၄၇၅၇ |
| | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၁၀ | ၁၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၃ | ၁၂ | ၂၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၂၉ | ၅၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၇ | ၂၅ | ၇၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၇၃ | ၃၀၄ | ၅၇၇ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၄၁ | ၆၈ |
| **စုစုပေါင်း** | | **၃၉၅** | **၄၂၁** | **၈၁၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၃၀** | | |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ဂန့်အိတ်ကျေးရွာသည် လူဦးရေအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာ တစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် ဗမာလူမျိုးများနေထိုင်ကြပြီး အိမ်ထောင်စုအားဖြင့် (၂၃၀)စုရှိပြီး လူဦးရေအားဖြင့်(၈၁၆)ဦး ရှိပါသည်။ ကျေးရွာသည် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့ အရွယ်(၂.၁%) ၅နှစ်အောက်ကလေးငယ် (၃.၁%)၊ မူလတန်းကျောင်းသား အရွယ် (၆.၉၈%)၊ အလယ်တန်းကျောင်းသားအရွယ် (၈.၈၂%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၀.၇%)၊ အလုပ်မလုပ် နိုင်သည့် သက်ကြီးရွယ်အို (၈.၃၃%) ရှိပါသည်။ ပျှမ်းမျှအားဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၄.၇၇%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၂၇၃)ဦး၊ မ (၃၀၄) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၀.၇%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူလုံမှုရှိပြီး ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။**

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၁ | ၇၄ | ၂ | မြင့်☐လတ် ■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၁၁ | ၁၃၅ | | မြင့်☐လတ်☐နိမ့်■ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆၀ | ၁၆၀ | | မြင့်☐လတ်■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆ | ၁၀ | | မြင့်☐လတ်■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၈ | | မြင့်☐လတ်☐နိမ့်■ |
| ၄ | **သစ်တောလုပ်ငန်** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့်☐လတ်■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့်☐လတ်☐နိမ့်■ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉ | ၂၀ | | မြင့်□လတ်■နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉ | ၂၀ | | မြင့်□လတ်■နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၃ | မြင့်□လတ်■နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၃၆ | ၃၆ | | မြင့်□လတ်□နိမ့်■ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၈ | | မြင့်□လတ်■နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၁၀ | | မြင့်□လတ်□နိမ့်□ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့်□လတ်■နိမ့်□ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့်☐လတ်■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၄၃၁ | ၄၇၁ | ၅ | ☒ |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ဂန့်အိတ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အများဆုံး လုပ်ကိုင်ခြင်းဖြင့် အဓိကဝင်ငွေရရှိသူများ ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ကိုယ်ပိုင်လုပ်ကိုင်သူ အိမ်ထောင်စုဝင်များနှင့် အခြားဝင်ငွေရ လုပ်ကိုင်သူ အိမ်ထောင်စုဝင်များ အားလုံး၏ အလုပ်အကိုင်အခွင့်အလမ်း အလားလာအနေအထားမှာ အသင့်အတင့်အဆင့်တွင်သာ ရှိသည်ကို တွေ့ရှိရပါသည်။**

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် | နေ့စား | ၁၀၀၀၀ | | ၇၀၀၀ | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခ ဈေးနှုန်းများမှာ အသင့်အတင့်မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်ကို တွေ့ရှိပါသည်။ ကျေးရွာမှာ အလုပ်အကိုင်အခွင့်အလမ်း တိရစ္ဆာန်မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ပန်းရံလုပ်ငန်းများ (၃)မျိုးကိုသာ လုပ်ကိုင်နိုင်ပြီး အချိန်ကာလအားဖြင့်လည်း တစ်နှစ်ပတ်လုံးအစဉ်မပျက် လုပ်ကိုင်နေရခြင်းမျိုး မဟုတ်ပဲ လုပ်ငန်းရာသီချိန်အတွင်း (၃၊ ၄)လ ခန့်သာ လုပ်ကိုင်ရသည့် အလုပ်များသာ ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကြောင့် အမျိုးသားနှင့် အမျိုးသမီးများပါလုပ် ကိုင်ကြပါသည်။ ရေလုပ်ငန်းများမှာ အမျိုးသားများသာ လုပ်ကိုင်ပြီး အမျိုးသမီးများမှာ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။**

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၄၂၁ | ကောင်း ☐ သင့်■ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၄ | ကောင်း ☐ သင့်■ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၅ | ကောင်း ☐ သင့်■ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၄၆၀** | ☒ |

ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။ ။ဂန့်အိတ်ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးလယ်ဧက ပိုင်ဆိုင်မှုမှာ (၁၄၂၁)ဧက၊ ဥယျာဉ်ခြံမြေ(၃၄)ဧကနှင့် ဓနိတောမြေမှာ(၅)ဧက ရှိပါသည်။**

### (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ■ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ■ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း■ မရှိ☐ | လွယ်☐ ခက်■ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ | များ☐ သင့်■ နည်း☐ မရှိ☐ | လွယ်☐ ခက်■ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
